**တအာင်းဒေသတွင်း သဘာဝသစ်တောထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-PSLF အမိန့်ကြော်ငြာစာ**

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၄

ရက်စွဲ။ ။ ၁၂ ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၄ ခုနှစ်။

၁။ တအာင်းဒေသတွင်းရှိ သဘာဝ သစ်တောများ ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ဤအမိန့်စာ ထုတ်ပြန်သည့် နေ့မှ စတင်၍ အောက်ဖော်ပြပါ လုပ်ဆောင်ချက်များဖြစ်သည့် -

(က) လူနေအိမ်နှင့်ကျေးရွာပိုင် အဆောက်အအုံများဆောက်လုပ်ခြင်း

(ခ) မိသားစုအသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးမြေဖော်ဆောင်ခြင်း

(ဂ) မိသားစုအသက်မွေးဝမ်းကျောင်းအတွက် ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း

**စသည်တို့မှအပ - မည်သူမှ အဖိုးတန် သစ်မာများ၊ ဒေသသစ်များ ခုတ်ယူခြင်း လုံးဝ မပြုလုပ်ရန် တားမြစ်လိုက်သည်။**

၂။ တအာင်းဒေသ သဘာဝသစ်တောများ ကာကွယ်ထိန်းသိမ်းရေးအတွက် ဤတားမြစ်ချက်ကို လိုက်နာခြင်း မရှိပါက ခုတ်ယူ ထားသည့်သစ်များ၊ ယင်းနှင့်ဆက်စပ်ပစ္စည်းများဖြစ်သည့် ယာဉ်၊ စက်ယန္တရားနှင့် လုပ်ငန်းသုံးကိရိယာများအားလုံးကို သိမ်းယူခြင်း နှင့် ဒဏ်ငွေသတ်မှတ်အပြစ်ပေးခြင်းတို့ဖြင့် ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်လိုက်ပါသည်။

အမိန့်အရ-

တားအိုမ်တမာဝ်း
ဗဟိုအထွေထွေအုပ်ချုပ်ရေးမှူး
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး-**P.S.L.F**